# လုပ်ရှားရေး အဖွဲ့များထဲ ရပ်ကွက်ပြည်သူများ ပါဝင် လာရေးအတွက် လမ်းညွှန်းမှုများ

*Mid-City CAN ကြပ်မတ်ရေးကောင်စီ (Coordinating Council) ၏ ကျန်းမာသည့် ရပ်ကွက်များ ဆောက်လုပ်ရေး ဆပ်ကော်မတီ (Building Healthy Communities Subcommittee) မှ ၂၄/၀၈/၀၉ မှာ ချမှတ်ခဲ့သည်။*

**တည်နေရာ**

လုပ်ရှားရေးအဖွဲ့များကို City Heights ထဲက နေရာ တိုင်းမှာ တွေ့နိုင်ရာ **<u>လူတိုင်း ချဉ်းကပ်လို့ ရနိုင်တဲ့</u>** သဘော ဖြစ်ပါတယ်။ လူတိုင်းချဉ်းကပ် ရနိုင်ခြင်း ဆိုတာက ယေဘူယျ အသုံးအနှုံးတခုဖြစ်ကာ၊ တစုံ တရာ (ဝန်ဆောင်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာ) ကို အတတ် နိုင်ဆုံး ပြည်သူ အများဆုံး ချဉ်းကပ်အသုံးချနိုင်ကြ ခြင်းကို ဆိုလိုပါတယ်။ မသန်မစွမ်းကြသူများကို ရည် ရွယ်ပြီး မကြာခဏ သုံးကြပေမယ့်၊ ဘာသာစကား သို့မဟုတ် တခြားအတားအဆီးများရှိတဲ့ ကိစ္စမှာပါ သုံးနိုင်ပါတယ်။ လုပ်ရှားရေးအဖွဲ့များဟာ သူတို့ အတွက် ရုံးနေရာကို စဉ်းစားကြရာတွင် ဒါကို ထည့် တွက်ရန် လိုပါတယ်။ ပြီးတော့ လုပ်ရှားရေးအဖွဲ့များ ဟာ ရုံးချိန်ကို သတ်မှတ်ကြရာတွင် အသက်ငယ်ကြသူ များအတွက် လုံခြုံစိတ်ချရရေးကိုပါ ထည့်စဉ်းစားကြ ရပါမယ်။

**အချိန်**

လုပ်ရှားရေးအဖွဲ့များဟာ ၎င်းတို့ရဲ့ အချိန်ဇယားကို ရေးဆွဲရာတွင် ပျော့ပြောင်းမှုရှိရန် နှင့် ၎င်းတို့ထဲ ပါဝင် နိုင်ကြသူတွေဟာ ဘယ်သူတွေလဲ ဆိုတာ ထည့်စဉ်းစား ကြရပါမယ်။ အရှင်းဆုံး လမ်းညွှန်မှုတချို့မှာ - ရပ်ကွက်နေ သက်ကြီးများအတွက် ညနေ 4 နာရီမှ ည 10 နာရီအထိ၊ လူငယ်များဟာ ကျောင်းချိန်မှာ လာ တွေ့မရနိုင်သလို ညမထွက်ရ အမိန့်လိုက်နာရေး အတွက် အချိန်စောပြီးရန် လိုပါတယ်၊ ရွယ်အိုများကျ တော့ နံနက် 8 နာရီမှ 12 နာရီအတွင်း လာတွေ့လိုနိုင် ကြပါတယ်။ ရက်အားများမှာ သို့မဟုတ် ယဉ်ကျေးမှု အားလုံးအလိုက် ရှိနိုင်ကြတဲ့ ဘုရားရှိခိုးရေးနေ့များမှာ တွေ့ဆုံပွဲ လုပ်မရနိုင်ပါ။ အများဆုံးပါဝင်နိုင်ရေး အတွက် လုပ်ရှားရေးအဖွဲ့များဟာ အလှည့်ကျ ပြောင်း လဲတဲ့ အချိန်စာရင်းကို သုံးနိုင်ကြပါတယ်။

**ကလေးထိန်းပေးခြင်း**

လုပ်ရှားရေးအဖွဲ့များဟာ ကလေးထိန်းပေးရေးကို သင့်လျော်ကာ ပျော်ရွှင်ဖွယ်ကောင်းပြီး ဒေသထဲမှာ နာမည်ကြီးလျင် ကောင်းကောင်း စိတ်ချယုံကြည်ရတဲ့ စီမံပေးကြသူများနဲ့ စီစဉ်ကြရပါမယ်။ လိုအပ်ပါက စီမံပေးကြသူများဆီမှာ လိုင်စင်ရှိရန် နှင့် လုပ်ရှားရေး အဖွဲ့များအား ထောက်ခံစာများ ပြနိုင်ကြရပါမယ်။ ၎င်းတို့ဟာ ဘာသာစုံ နှင့် ယဉ်ကျေးမှုစုံ ဖြစ်ရန်လို သလို အသက်အလိုက် နှင့် ယဉ်ကျေးမှုအလိုက် သင့် လျော်တဲ့ အစီအစဉ်များ (ကာယလှုပ်ရှားမှု နှင့်/သို့မဟုတ် ကျန်းမာရေးဆိုင်ရာ ပညာပေးခြင်း အပါအဝင်) ကို စီမံပေးနိုင်စွမ်း ရှိကြရပါမယ်။ စီမံပေး ကြသူတို့ဟာ အမျိုးမျိုးရှိနိုင်တဲ့ ဘာသာရေးဆိုင်ရာ အလေ့အထများကိုင်း ဓါတ်စာဆိုင်ရာ တောင်းဆို ချက်များကိုင်း လေးစားလိုက်နာကြရပါမယ်။
လုပ်ရှားရေးအဖွဲ့များဟာ ကလေးထိန်းရေးကိစ္စ စီမံ ပေးကြသူများနဲ့ သူတို့အဖွဲ့အတွက် နေရာကိစ္စကို မိမိ ဘာသာမိမိ စောင့်ကြပ်စီစဉ်ပေးရန် တာဝန်ရှိပါတယ်။ အဲဒီနောက်မှာ စီမံပေးကြသူတို့ဟာ တနာရီအတွက် $15 ထက်ပိုမယူဘဲ စီစဉ်ပေးကြတဲ့ ဝန်ဆောင်မှုများ အတွက် Mid City CAN ကို တိုက်ရိုက် ငွေတောင်း လွှာပို့ကြပါမယ်။ လုပ်ရှားရေးအဖွဲ့ဆီမှာ ကလေးငါး ဦးတိုင်းကျစီအတွက် ကလေးထိန်းဌာန အနည်းဆုံး တခုရှိရန်၊ ရာသီတိုင်းမှာ ကလေးထိန်းရေး စီမံပေးသူ အနည်းဆုံး နှစ်ဦးရှိရန် လိုပါတယ်။ ကလေးများရဲ့ အသက်ကို၊ ရှိနိုင်တဲ့ အထူးလိုအပ်ချက်များကို လုပ် ရှားရေးအဖွဲ့များဟာ ထည့်တွက်ကြရပါမယ်။ ထိုသို့ စီစဉ်ပေးနိုင်သူ နည်းကြသောကြောင့် လုပ်ရှားရေး အဖွဲ့များဟာ ယခုလမ်းညွှန်မှုများကို ပြည့်မီအောင် ကလေးထိန်းဌာနများကို

ရွေးချယ်ထားရန် လိုပါတယ်။ ကလေးထိန်းဌာနကို စီစဉ်ပေးမည့်နေ့ မတိုင်မီ အနည်း ဆုံး တပတ်စောပြီး လုပ်ရှားရေးအဖွဲ့ဟာ Mid City CAN ကို အကြောင်းကြားရပါမယ်။

**စကားပြန်ပေးခြင်း**

***<u>အဓိကရ</u>*** ဘာသာစကား အားလုံးတို့အတွက် စကားပြန် နှင့် ဘာသာပြန်တို့ကို စီစဉ်ပေးရပါမယ်။ လှုပ်ရှားရေး အဖွဲ့များဟာ သက်ဆိုင်ရာအဖွဲ့အတွက် ဘာသာစကား များကို သတ်မှတ်ပေးရန် တာဝန်ရှိပါတယ်။ ဘာသာ စကားဆိုင်ရာ  ဝန်ဆောင်မှုများကို တောင်းဆိုရန် အတွက် လှုပ်ရှားရေးအဖွဲ့များဟာ အက်စ်ပေရန်ဇာ ဘာဇာ ကို Mid City CAN (ebaza@midcitycan.org) မှာ ဆက်သွယ်ရပါမယ်။ ယင်းဝန်ဆောင်မှုများကို Mid City CAN နှင့် စကား ပြန် သို့မဟုတ် ဘာသာပြန်တို့ အကြားမှာ တိုက်ရိုက် စီစဉ်ပေးပါမယ်။ တောင်းဆိုချက်စာထဲမှာ အချိန်၊ နေ့စွဲ၊ နေရာ၊ ကြာမည့်အချိန်၊ နှင့် သက်ဆိုင်ရာ BHC တို့ကို ထည့်ဖော်ပြရပါမယ်။ စကားပြန် သို့မဟုတ် ဘာသာပြန်အဖြစ် ပါဝင်လုပ်ကိုင်လိုကြသူတို့ဟာ Mid City CAN မှာ တိုက်ရိုက် လျှောက်နိုင်ကြပါတယ်။ ထိုသို့ လုပ်ကိုင်နိုင်သူ နည်းသောကြောင့် လှုပ်ရှားရေး အဖွဲ့များဟာ ယခုလမ်းညွှန်မှုများကို ပြည့်မီအောင် ၎င်းတို့ရဲ့ ဘာသာစကားဆိုင်ရာ အရင်းအမြစ်များကို ရွေးထုတ်ထားတတ်ရန် လိုပါတယ်။ ကလေးထိန်း ဌာနကို စီစဉ်ပေးမည့်နေ့ မတိုင်မီ အနည်းဆုံး တပတ် စောပြီး လှုပ်ရှားရေးအဖွဲ့ဟာ Mid City CAN ကို အကြောင်းကြားရပါမယ်။

**ပို့ဆောင်ပေးရေး**

တွေ့ဆုံရေးနေရာများကို ရွေးရာတွင် လှုပ်ရှားရေး အဖွဲ့များဟာ လမ်းလျှောက်၍ ရနိုင်ခြင်း နှင့် စိတ်ချ ရတဲ့ ပို့ဆောင်ရေးစနစ်များ အလွယ်တကူ ရရှိနိုင်ခြင်း တို့ကို ထည့်တွက်ရန် လိုပါတယ်။ စိတ်ချရတဲ့ ပို့ဆောင် ရေးစနစ် မရှိကြတဲ့ ရပ်ကွက်ထဲက ပါဝင်လိုကြသူများ အတွက် ယာဉ်များ သို့မဟုတ် ဘတ်စ်လက်မှတ်များ စီစဉ်ပေးနိုင်အောင် ရှိနေကြတဲ့ အရင်းအမြစ်များကို အသုံးချကြရန် အဖွဲ့အစည်းများကို တိုက်တွန်းလိုပါ တယ်။ လှုပ်ရှားရေးအဖွဲ့ဝင်များကိုပါ ယာဉ်အဖွဲ့ အစည်းများကို၊ စက်ဘီးစီးလာကြသူများနှင့် လမ်း လျှောက်လာကြသူများကို ကြီးကြပ်ပေးရန် တိုက် တွန်းလိုပါတယ်။ လှုပ်ရှားရေးအဖွဲ့များဟာ MTS ထံမှ ပို့ဆောင်ပေးရေးကို တင်ပြပေးလျက် နားလည်ရန် လွယ်တဲ့ မြေပုံများနှင့် အချိန်ဇယားများကို ဘာသာ အမျိုးမျိုးဖြင့် ထုတ်ပေးနိုင်အောင် လုပ်ပေးကြရပါ မယ်။ ကားအဖွဲ့များ၊ ယာဉ်အဖွဲ့များ၊ လမ်းလျှောက်ရေး ပြည်သူ့ လမ်းကြောင်းများ တလျှောက်မှာ လူတိုင်း အတွက် လွယ်ကူတဲ့ စုရပ် အများအပြား သတ်မှတ်ပေး ရန်လိုပါတယ်။

**ခေါင်းဆောင်ရေး အခန်းကဏ္ဍများ**

လှုပ်ရှားရေးအဖွဲ့ ခေါင်းဆောင်ပိုင်းကို ရပ်ကွက်ထဲနေ  သူတဦး နှင့် အဖွဲ့အစည်းကိုယ်စားလှယ်တဦးတို့ တွဲဖက်ဥက္ကဋ္ဌများအဖြစ် ပါဝင် ဖွဲ့စည်းပေးရပါမယ်။ လှုပ်ရှားရေးအဖွဲ့များဟာ ၎င်းတို့ရဲ့ ခေါင်းဆောင်များ City Heights ထဲက လူမျိုးစုံကို ထင်ဟပ်ပေးကြမှာ ကို ကြိုးပမ်းကြရပါမယ်။ ယင်းခေါင်းဆောင်များဟာ လှုပ်ရှားရေးအဖွဲ့များကို လမ်းညွှန်အားပေးရေးအတွက် အပတ်စဉ် အနည်းဆုံး ငါးနာရီ အချိန်ပေးနိုင်ရန် လိုပါ တယ်။ ထို့အပြင် လိုအပ်ပါက ခေါင်းဆောင်များဟာ Mid City CAN နှင့် The California Endowment တို့မှာ သင်တန်းများ တက်နိုင်ရန် အသင့်ရှိကြရပါ မယ်။ ခေါင်းဆောင်များဟာ မိမိကိုမိမိ ပုံမှန် ဆန်းစစ် ရန် နှင့် သက်ဆိုင်ရာ အဖွဲ့ဝင်များထံမှ တုန့်ပြန်မှုများ ကို တောင်းဆိုရန် လိုပါမယ်။

**အရင်းအမြစ်များ**

တချို့အရင်းအမြစ်များကို Mid City CAN မှတဆင့် ရရှိနိုင်ပါတယ်။ Mid City CAN ဟာ လှုပ်ရှားရေး အဖွဲ့တခုစီကို ဘာသာပြန်ရေးကိစ္စများအတွက် လစဉ် $166 နှုန်းနှင့် ကလေးထိန်းရေးကိစ္စအတွက် လစဉ် $100 နှုန်းကျစီစဉ်ပေးပါမယ်။ Mid City CAN ဟာ သက်ဆိုင်ရာ ဝန်ဆောင်ပေးသူကို တိုက်ရိုက် ငွေပေး ချေမှာ ဖြစ်ပါတယ်။ သင်ပုန်းများ နှင့် ရေးစရာကိုပါ ထောက်ပံ့ ကူညီပေးနိုင်ပါတယ်။ ယင်းကဲ့သို့သော အရင်းအမြစ်များမှာ နည်းကြသောကြောင့် လှုပ်ရှား ရေးအဖွဲ့များဟာ ၎င်းတို့ လက်ထဲရှိသမျှကို ရွေးချယ် လျက် ယခုလမ်းညွှန်မှုများကို ပြည့်မီအောင် ဆောင် ရွက်ကြရပါမယ်။ Mid City CAN မှ စီမံပေးတဲ့ အရင်းအမြစ် အားလုံးတို့မှာ ဘဏ္ဍာငွေ ရရှိမှု အပေါ် မှီခိုရကာ ခြောက်လ အချိန်ကာလ အတွက်သာ ဖြစ်ပါ တယ်။